သာရမဲကျေးရွာ

မြိတ်မြို့နယ်၊မြိတ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သာရမဲကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်မှကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊နိုဝင်ဘာ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **သာရမဲကျေးရွာသယံဇာတပြမြေပုံ၊မြိတ်မြို့နယ်** | ၆ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံစိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၉ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |

| | | |
|---|---|---|
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၅ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | **၁၉** |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | **၂၀** |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | **၇၉** |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | **၈၉** |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | **၉၁** |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | **၉၃** |


**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့်၂၀၂၀/ ၂၀၂၁ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ခုနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဥ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကစီစဥ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဥ်

ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက်အဆိုပြုလွှာစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


**နိုင်ဝင်ဘာလ၊၂၀၂၁**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**


**သာရမဲကျေးရွာ**

**မြိတ်မြို့နယ်**


## သာရမဲကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## သာရမဲကျေးရွာ Seasonal Calendar



## သာရမဲကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

သာရမဲကျေးရွာသည် မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စုတွင်ပါဝင်ပြီးမြောက်လတ္တီ တွဒ်၁၂ဒီဂရီ၂၄မိနစ်၄၃စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ်၉၈ဒီဂရီ၄၁မိနစ်၄၄စက္ကန့်တွင် တည်ရှိပါသည်။ ကျေးရွာသည် မြိတ်-တနင်္သာရီကားလမ်းဘေးတွင်တည်ရှိပါသည်။ မြိတ်မြို့မှ (၁၃)မိုင်ခန့်ဝေးကွာပြီးအုပ်စုကျေးရွာဖြစ်သည့် စန္ဒဝတ်ကျေးရွာမှ(၆)မိုင်ကွာဝေးပါသည်။ သာရမဲကျေးရွာ၏ရေိယာမှာ (၀.၀၃၉) စတုရန်းမိုင်ကျယ်ဝန်းပါသည်။ ကျေးရွာ၏မြောက်ဘက်တွင်ရွှေဒူးကျေးရွာတည်ရှိပြီး အနောက်ဘက်အရပ်တွင် ဒလရှောင်ကျေးရွာတို့တည်ရှိပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

သာရမဲကျေးရွာ၏ ရာသီဥတုမှာပူနွေးစိုစွတ်သောရာသီဥတုကို ပိုင်ဆိုင်ထားပါသည်။ အမြင့်ဆုံးအပူချိန်မှာ ၃၇ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ၂၄ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ဥယျာဉ်ခြံလုပ်ငန်းနှင့် လယ်ကိုအဓိကလုပ်ကိုင်သောရွာဖြစ်သောကြောင့် ကွမ်းသီး၊ ရာဘာနှင့်စပါးတို့အား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မိုးရာသီတွင်မိုးများသောကြောင့်ချောင်းရေကြီးလျှံခြင်းများ တစ်ခါတစ်ရံဖြစ်ပေါ်လျက်ရှိပါသည်။ သဘာဝပေါက်ပင်များလည်း အသင့်အတင့်ပေါက် ရောက်မှုရှိပါသည်။ အိမ်ခြံမြေများတွင်လည်းရာသီအလိုက်ပန်းပင်၊ ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ပါသည်။ တောရိုင်းတိရစ္ဆာန်များမှာ တောဝက်၊ ဂျီ၊ ဖွတ်များကို အသင့်အတင့်တွေ့ နိုင်ပါသည်။

## ၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

သာရမဲကျေးရွာသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းအရအိမ်ခြေ (၁၆၀)၊ အိမ်ထောင်စုပေါင်း (၁၈၁) အိမ်ရှိပြီးလူဦးရေပေါင်း(၈၆၄)ဦးရှိပါသည်။ သာရမဲကျေးရွာတွင်းရှိအဖွဲ့အစည်းများတွင် အုပ်ချုပ်မှုစီမံကွပ်ကဲမှုအပိုင်း၌ အမျိုးသမီးများပါဝင်ခြင်းမရှိပေ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့အချင်းချင်းသည် စည်းလုံးစွာဖြင့်ဆောင်ရွက်ကြသော်လည်း ချိတ်ဆက်လုပ်ဆောင်နိုင်မှုအားနည်းပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်ပေးနေပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များမှာကျေးရွာအုပ်စုအတွင်းရှိ လုံခြုံရေးကိစ္စများတွင်ပါဝင်

ဆောင်ရွက်ပေးနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာလည်းကျောင်း၏လိုအပ်ချက်များနှင့် ကလေးများပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန်အလေးထားဆောင်ရွက်နေပါသည်။ အိမ်ထောင်ငယ်အဖွဲ့၊ ကာလသား/သမီးအဖွဲ့စသည်တို့သည်ကျေးရွာ၏သာရေး၊ နာရေးနှင့် အခြားသောပရဟိတလုပ်ငန်းများတွင် အတူတကွစုပေါင်း လုပ်ကိုင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သာရမဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်ထောက်ပံ့ပေးနေသည့် နိုင်ငံတစ်ကာအဖွဲ့အစည်းများမရှိချေ။ သို့သော်ကျန်ရှိသောကဏ္ဍများအတွက် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသည့်အခြားသောအဖွဲ့အစည်းများနှင့်ချိတ်ဆက်ရန်လိုအပ်နေပါသည်။

## ၄။စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (က)သီးနှံစိုက်ပျိုးရေး

သာရမဲကျေးရွာတွင် စိုက်ပျိုးနိုင်သောလယ်ယာမြေဧရိယာမှာ (၆၇.၅)ဧကခန့် ရှိပါသည်။ အဓိကအားဖြင့်ကွမ်းသီး၊ ရော်ဘာနှင့်ဥယျာဉ်ခြံသီးနှံ များကိုအားထားစိုက်ပျိုးကြပါသည်။ သီးနှံအထွက်နှုန်းနည်းပါးခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက်ဈေးကွက်မမီသည့် သီးနှံများထုတ်လုပ်မှုအားဖြစ်ပေါ်စေပါသည်။ ဆင်းရဲသားတောင်သူအများစုမှာရာဘာစေးခြစ်လိုက်ခြင်း၊ သစ်ခုတ်၊ ဝါးခုတ်လုပ်ငန်းများ၊ ဈေးရောင်းခြင်း၊ ပန်းရံလုပ်ခြင်း၊ စက်ချုပ်ခြင်းတို့ဖြင့်အသက်မွေးဝမ်းကြောင်းပြုကျသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာမိုးရေနှင့် ချောင်းရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မြေဆီလွှာမကောင်းခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ ဓာတ်မြေဩဇာလုံလောက်စွာမသုံးစွဲနိုင်ခြင်း၊ ကျေးရွာတွင်စိုက်ပျိုးရေးနည်းပညာများ သိရှိအသုံးချမှုနည်းပါးခြင်းစသည်တို့ကြောင့်သီးနှံအထွက်နှုန်းနည်းပါးနေပါသည်။ ရော်ဘာဈေးကွက်သည် ယခုအချိန်တွင်ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိသောကြောင့် အဆင်ပြေလျက်ရှိပြီးကွမ်းသီးထွက်ရှိသလောက်ပုံမှန်ရောင်းချနိုင်သဖြင့်ဈေးကွက်ဝင်သီးနှံအဖြစ်ရပ်တည်လျက်ရှိပါသည်။

သာရမဲကျေးရွာ၏ရာသီဥတုမှာ မိုးများသောဒေသဖြစ်ပါသည်။ သီးနှံမျိုးစေ့မှာဒေသမျိုးတစ်ခုကိုသာသုံးစွဲနေသော်လည်း တောင်သူများအား မျိုးကောင်းမျိုးသန့်သုံးစွဲမှုနှင့်ပတ်သက်၍ပညာပေးသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနမ ှတောင်းခံနိုင်ပြီးတောင်သများလက်ခံကျင့်သုံးလာနိုင်လျှင်သီးနှံအထွက်နှုန်းများတိုးတက်လာပေမည်။ မြေဆီလွှာမကောင်းခြင်း၊သီးနှံအထွက်နှုန်းနည်းပါးမှုများ၊ ပိုးမွှားရောဂါကျရောက်မှုများကြုံတွေ့နေရသဖြင့်စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးသင်တန်းများလိုအပ်နေပါသည်။

## (ခ)မွေးမြူရေးနှင့်ငါးလုပ်ငန်း

သာရမဲကျေးရွာတွင် ကြက်၊ ဝက်၊ ဘဲများကိုတစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ အများစုမှာကြက်၊ဝက်တို့အားမွေးမြူထားသည့် အိမ်ထောင်စုများဖြစ်ကျပါသည်။ စီပွားဖြစ်မွေးမြူသည့်အသားစားကြက်မွေးမြူရေးခြံ(၂)ခြံခန့်၊ ဥစားကြက်မွေးမြူရေးခြံ (၃)ခြံခန့်ရှိပြီး တိရိစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ နည်းပညာဗဟုတအားနည်းသဖြင့်မျိုးကောင်းမျိုးသန့်များရရှိရေး၊ နည်းပညာဝန်ဆောင်မှုများနှင့်သင်တန်းများပံ့ပိုးပေးပါကစီးပွားဖြစ်မွေးမြူနိုင်ကြပြီးဈေးကွက်ဝင်မည်ဖြစ်ပါသည်။

သာရမဲကျေးရွာမှမြိတ်မြို့သို့နေ့တိုင်းသွားလာနေသည့်ခရီးသည်ကားများမရှိပဲအင်္ဂမော်ကျေးရွာသို့ပြေးဆွဲနေသည့်ကားများကိုသာလမ်းကြုံစီးနင်းရပါသည်။ မြိတ်မြို့နှင့်၁၃မိုင်ခန့်သာကွာဝေးသည့်အတွက်မွေးမြူရေးအစာ၊ ဆေးများကိုအလွယ်တကူဝယ်ယူရရှိနိုင်သည်။မွေးမြူရေးနှင့်ကုသရေးဆိုင်ရာနည်းပညာ၊ ဗဟုတအားနည်းသဖြင့်နည်းပညာဝန်ဆောင်မှုများနှင့်သင်တန်းများ ပံ့ပိုးပေးပါက စီးပွားဖြစ်မွေးမြူသူဦးရေများလာနိုင်ပြီးဈေးကွက်၏လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ပေမည်။ ချေးငွေများအလွယ်တကူမရရှိသည့်အတွက် ကာလရှည်ချေးငွေများထုတ်ချေးပေးရန်လိုအပ်နေပြီး မွေးမြူရေးထုတ်ကုန်များကိုဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ခြင်းများရှိသည့်အတွက် ဈေးကွက်မီအောင်ပြုလုပ်ပေးရန်လိုအပ်နေပါသည်။

## (ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

သာရမဲကျေးရွာတွင်အခြားဝင်ငွေရလုပ်ငန်းများအဖြစ်ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ လက်သမား၊ ပန်းရံ၊ တက္ကစီ၊ စသည်တို့ကိုလုပ်ကိုင်ကြပါသည်။ အခြေခံလုပ်သားအများစုမှာရာဘာခြစ်လုပ်ငန်း၊ တောခုတ်ခြင်း၊ ဝါးခုတ်ခြင်းလုပ်ငန်းဖြင့်ဝင်ငွေရရှိရန်လုပ်ကိုင်ကြ

ပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာလည်းမြိတ်မြို့နှင့်နေ့တိုင်းသွားလာနေသည့်မော်တော်ကားရှိပါသည်။ အခြားကျေးရွာများနှင့်နိုင်းယှဉ်လျှင်မြိတ်မြို့မှပေးဝေနေသည့်လျှပ်စစ်မီးရောက်ရှိပြီးဖြစ်ပါသည်။ တစ်ချို့လျှပ်စစ်မီးမရရှိသေးသည့်အိမ်ခြေများမှာလက်ဆွဲမီးစက်ဖြင့်လည်းကောင်း၊ ဆိုလာမီးဖြင့်လည်းကောင်းဒီဇယ်မီးခွက်၊ ဖယောင်းတိုင်များဖြင့်လည်းကောင်းကျေးရွာတွင် မီးလင်းမှုရရှိအောင်ဆောင်ရွက်နေပါသည်။

သာရမဲကျေးရွာတွင် နေထိုင်သူများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အတွက်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများလိုအပ်ခြင်း၊ အရင်းအနှီးငွေများလိုအပ်ခြင်း၊ ကာလရှည်ချေးငွေလိုအပ်ခြင်းများရှိနေပြီးလုံခြုံရေး၊ ပညာရေး၊ လူမှုရေးစသည့်ကိစ္စများတွင်အရာရာနှောင့်နှေးနေမည်ဖြစ်ပါသည်။

**(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာစပါး၊ ရာဘာ၊ ကွမ်းသီး၊ ခနိဖက်နှင့်ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်(၁၃)မိုင်ခန့်ကွာဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ကျေးရွာထုတ်ကုန်များကိုဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

သာရမဲကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်မှုများအနည်းငယ်သာရှိပြီးမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးငွေများအားရယူလျက်ရှိပါသည်။ အဖွဲ့လိုက်ငွေစုငွေချေးအစီအစဉ်၊ ငွေချေးပေးမှုနှင့်အပေါင်ဆိုင်များမှချေးငွေရယူမှုများမှာလည်းကျေးရွာတွင်မရှိပါ။ အဓိကအားဖြင့်ဆွေးမျိုးများထံမှချေးယူကြပြီး ဘက်စုံလိုအပ်မှုအတွက်ချေးယူကြခြင်း ဖြစ်ပါသည်။အတိုးနှုန်းမှာ (၁၀%) အတိုးနှုန်းဖြစ်ပြီးအပေါင်ခံပစ္စည်းအနည်း ငယ်လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင်ချေးငွေရရှိရန်အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူအများစုသည်ချေးငွေကိုအကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာအတွင်းချေးငွေလိုအပ်ချက်များပြား နေပါသည်။ ထိုကြောင့်အစိုးရဘဏ်များမှအတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါကမိသားစုစားဝတ်နေရေးနှင့်ကိစ္စအဝဝအတွက်မှီခိုအဆင်ပြေနိုင်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

သာရမဲကျေးရွာတွင် စက်ဘီးမှာကျောင်းသား/သူများသွားလာရေးအတွက်အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သောသွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စတွင်အသုံးပြုကြပါသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပဲ ကုန်းလမ်းခရီးကိုသာအဓိကအားထားအသုံးပြုနေကျပါသည်။

သာရမဲကျေးရွာတွင် ကျေးရွာတွင်းလမ်းများမှာမြေသားလမ်းများဖြစ်ပြီးတံတား (၂)စင်းရှိပါသည်။ မြေသားလမ်းဖြစ်သည့်အလျောက်မိုးရာသီတွင်ဗွက်ထခြင်းများရှိသဖြင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကိစ္စအဖက်ဖက်မှသွားလာရခက်ခဲနေပါသည်။ ကျေးရွာတွင်းလမ်းဖြစ်သည့် မြေသားလမ်းများအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ရန်လိုအပ်လျက်ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

သာရမဲကျေးရွာတွင် မီးသုံးစွဲမှုမှာလျှပ်စစ်မီးဖြစ်ပြီးလက်ဆွဲမီးစက်၊ အိမ်သုံးဆိုလာဖြင့်လည်းမိမိတို့အိမ်မီးလင်းရေးအတွက်အသုံးပြုနေသည့်အိမ်ထောင်စု (၂ဂ) ရှိပါသည်။ လျှပ်စစ်မီးရရှိပြီးဖြစ်၍ ကျောင်းသား/သူများပညာရေးတိုးတက်လာမှုနှင့်ကျေးရွာအတွင်းတွင် အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက်အထောက်အပံ့ဖြစ်စေနိုင်ပါလိမ့်မည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

သာရမဲကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်းရေဒီယို၊ တီဗွီ၊ဂြိုလ်တုစလောင်းစသည်တို့မှရရှိပါသည်။ အင်တာနက်မှတဆင့်သတင်းအချက်အလက်နှင့်နည်းပညာရရှိမှု၊ အသိပညာဗဟုသုတရရှိနိုင်မှုတို့အတွက်အထောက်အပံ့ဖြစ်စေနိုင်မည်ဟုသုံးသပ်မိပါသည်။

၆။ ပညာရေး

သာရမဲကျေးရွာတွင် အခြေခံမူလတန်းကျောင်းတည်ရှိပြီး မူလတန်းအဆင့်ပြီးမြောက်ပါက အလယ်တန်းကျောင်းတည်ရှိရာရွှေဒူးရွာသို့လည်းကောင်း မြိတ်မြို့ရှိအမှတ်(၆)အခြေခံအထက်တန်းကျောင်းသို့လည်းကောင်း သွားရောက်ပညာသင်ကြားကျပါသည်။ များသောအားဖြင့်ကျေးရွာ၏ လူဦးရေအချိုးအစားမှာမူလတန်းပြီးမြောက်မှုအဆင့်၌အများဆုံးရှိကျပြီးအလယ်တန်းပြီးမြောက်မှုအဆင့်အနည်းငယ်၊ အထက်တန်းပြီးမြောက်မှုအဆင့်အနည်း

ငယ်နှင့်ဘွဲ့ရဦးရေအနည်းငယ်ရှိပါသည်။ မူလတန်းအဆင့်ပညာရေးကိုကျေးရွာအတွင်း လွယ်ကူစွာတက်ရောက်နိုင်ပါသည်။ စားဝတ်နေရေးအဆင်မပြေသောစီးပွားရေးအခက်အခဲ ရှိသောအိမ်ထောင်စုရှိ ကလေးများမှာ မူလတန်းပညာကိုသာသင်ယူကြရသဖြင့်မူလွန်အဆင့် ပညာရေးကိုမရရှိပါ။ အထက်တန်းအဆင့်အထိတက်ရောက်နိုင်သော ကျောင်းသား/သူဦးရေ နည်းသဖြင့်ဘွဲ့ရဦးရေမှာနည်းပါးပါသည်။ တက္ကသိုလ်အဆင့်ရှိသည့်ကျောင်းသား/သူများ သည်မြိတ်မြို့တွင်ရှိသည့်မြိတ်တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် တက်ရောက်ကြပါသည်။

သာရမဲကျေးရွာတွင်မူလတန်းအဆင့်ပညာရေးကို သင်ယူရရှိနိုင်ပြီးလက်ရှိကျောင်း ဆောင်မှာ တစ်ထပ်အုတ်ကျောင်းဆောင်ဖြစ်ပါသည်။ ကျောင်းဆောင်အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စာသင်ကျောင်းတွင်လိုအပ်သောပရိဘောဂပစ္စည်းများကို ဝယ်ယူဖြည့်တင်းခြင်းနှင့် အားကစားဆိုင်ရာပစ္စည်းများဖြည့်တင်းခြင်းတို့ ပြုလုပ်လိုကြ ပါသည်။

သာရမဲကျေးရွာတွင် မသန်စွမ်းသူများမရှိသည့်အတွက် အစီအစဉ်များကြိုတင်ရေး ဆွဲထားခြင်းမရှိပါ။ မူလတန်းအဆင့်ကျောင်းထွက်နှုန်းအနည်းငယ်ရှိပါသည်။ ကျောင်းအား ကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက်သက်ဆိုင်ရာ ဦးစီးဌာနနှင့်ချိတ် ဆက်၍တင်ပြရန်လိုအပ်နေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှကလေးများပညာ သင်ကြားရေးအတွက်ယခုထက်ပိုမိုအားကောင်းစွာလုပ်ဆောင်ပေးရန်လိုအပ်နေပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

သာရမဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ လိုအပ်သည့်ကျန်းမာရေး ဆေးဝါးကုသမှုများကို ပိန်နဲတောင်ကျေးရွာကျန်းမာရေးဌာနတွင်သွားရောက်ကုသရပါသည်။ ကျေးရွာအတွင်း၌ ကျမ်းမာရေးအတွက် ဆေးရောင်းခြသည့်ဆိုင်များမရှိသည့်အတွက်လို အပ်သည့်ဆေးများအား ကျောက်ဖြူတောင်ကျေးရွာမှလည်းကောင်း၊ မြိတ်မြို့ပေါ်မှလည်း ကောင်းဝယ်ယူကျပြီး ရောဂါပြင်းထန်လာမှသာ မြိတ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့သွား ရောက်ကုသကြပါသည်။

ကျေးရွာတွင်တစ်ရွာလုံးအနေဖြင့် ရေတွင်း(၁၀)တွင်းရှိပါသည်။ ကျေးရွာတွင်ကျေး ရွာတစ်ရွာလုံးနီးပါးသုံးစွဲရသည့်ချောင်းရေရှိပါသည်။ ငွေကြေးမတတ်နိုင်သည့်အတွက်ရေ

ပိုက်သွယ်တန်းနိုင်ခြင်းမရှိနိုင်ရာ ယခုအခါတွင် ကျေးလက်ဦးစီးမှဆောင်ရွက်ပေးသည့်စီမံကိန်းဖြင့်အိမ်တိုင်ရာ ရောက်ရေရရှိပြီဖြစ်ပါသည်။ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရန်အတွက်သက်ဆိုင်သည့်ဦးစီးဌာနနှင့်ဆက်သွယ်၍ ရေအရည်အသွေးများကိုစမ်းသပ်စစ်ဆေးရန်လိုအပ်နေပါသည်။

သာရမဲကျေးရွာတွင်ကျေးရွာတစ်ရွာလုံးမသန့်ရှင်းသောအိမ်သာများကိုသုံးစွဲပါသည်။ ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားမည်ကိုစိုးရိမ်ရသည့်အတွက်ကျန်းမာရေးနှင့် ပတ်သက်သောဟောပြောပွဲများကြိုတင်ပြုလုပ်ပေးရန်လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သာရမဲကျေးရွာတွင်မိသားစုကဲ့သို့ စည်းစည်းလုံးလုံးနေထိုင်ကြသဖြင့်ပြဿနာတစ်စုံတစ်ရာမရှိပါ။ ရံဖန်ရံခါအသေးစားရန်ပွဲများမှလွဲလျှင်ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှုမရှိပါ။ ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိပါ။ အကယ်၍ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြုန်းတီးနေသောဒီရေတောများကိုပြန်လည်စိုက်ပျိုးနိုင်ရန်ပညာပေးဟောပြောပွဲများပြုလုပ်ခြင်းနှင့် ဒီရေတောများကိုထိန်းသိမ်းထားရန်လိုအပ်ပါသည်။ အမှိုက်စွန့်ပစ်ရာတွင်စည်းစနစ်တကျစွာ စွန့်ပစ်ရန်အတွက်ပူးပေါင်းဆောင်ရွက်မှုများလိုအပ်နေပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျား-မရေးရာကိစ္စရပ်များမှာအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့်အရန်မီးသတ် တပ်ဖွဲ့များတွင်အမျိုး သားများဦးဆောင်ကြပြီးအမျိုးသမီးများမှာ ကျန်းမာရေး၊ ကလေးသူငယ်ဖွံ့ဖြိုးရေးများတွင် ဦးဆောင်ကြပါသည်။ ပရဟိတနှင့်ဘာသာရေးကိစ္စများတွင်ကျား/မပူးပေါင်းလုပ်ဆောင်ကြပါသည်။ ကျေးရွာတွင်အမျိုးသမီးများသည် စီမံအုပ်ချုပ်မှုစနစ်တွင်မပါဝင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသမီးများစည်းစည်းလုံးလုံးနှင့်ပူးပေါင်းပါဝင်လျက်ရှိပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက်ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊စာပေဟောပြောပွဲများလိုအပ်နေပါသည်။

## ၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – စန္ဒဝတ် | | | ကျေးရွာအမည် – သာရမဲ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ပညာရေး | ပညာရေး | ကျောင်းဆောင်ခေါင်မိုးပြုပြင်ရန် | |
| ၂ | ကျန်းမာသန့်ရှင်းရေး | ကျန်းမာသန့်ရှင်းရေး | ရေပေးရေး | |
| ၃ | စီမံကိန်း | စီမံကိန်း | မြစိမ်းရောင်ချေးငွေလိုအပ်ခြင်း | |
| ၄ | အခြေခံအဆောက်အဦ | ပညာရေး | ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် | |
| ၅ | အခြေခံအဆောက်အဦ | အခြေခံအဆောက်အဦ | သာရမဲရွာအဝင်လမ်း ပေ(၂၀၀၀)အားအဆင့်မြှင့်တင်ရန် | |

နောက်ဆက်တွဲ (၁)

## သာရမဲကျေးရွာ၊စန္ဒဝတ်ကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမြင့်ဦး | ဦးလှဖေ | ၆/မအရ(နိုင်)၀၁၁၀၅၁ | ၆၅ | ဥက္ကဋ္ဌ | ၀၉၄၂၈၇၆၉၄၇၀ |
| ၂ | ဦးညီလွင် | ဦးရွှေတင် | ၆/မအရ(နိုင်)၀၀၉၉၁၁ | ၅၀ | အဖွဲ့ဝင် | ၀၉-၄၅၁၃၅၆၅၅၉ |
| ၃ | ဦးနိုင်နိုင်လင်း | ဦးခင်မောင်သောင်း | ၆/ကစန (နိုင်) ၀၅၅၀၃၉ | ၃၅ | အတွင်းရေးမှူး | ၀၉-၂၅၃၀၉၀၆၁၃၀ |
| ၄ | ဦးမင်းဆွေ | ဦးမောင်ဆွေ | ၆/မအန(နိုင်)၁၀၀၂၇၇ | ၄၆ | အဖွဲ့ဝင် | ၀၉-၇၇၇၆၁၆၁၄၀ |
| ၅ | ဒေါ်ခရေလင်း | ဦးမောင်နွဲ့ | ၆/မမန(နိုင်)၂၃၁၉၁၄ | ၃၄ | စာရင်းကိုင် | ၀၉-၉၇၄၅၄၀၀၃၄ |
| ၆ | ဒေါ်ထက်ဥမ္မာဝေ | ဦးသက်ဝေ | ၆/မမန(နိုင်)၂၃၉၄၅၄ | ၁၉ | အဖွဲ့ဝင် | ၀၉-၄၅၆၈၁၄၈၉၅၁ |
| ၇ | ဒေါ်ထွေးသောင်း | ဦးမောင်လေး | ၆/မအန(နိုင်)၀၇၇၇၆၇ | ၅၀ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၀၀၈၈၀၂၆ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၁ | ၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၂ | ၁၃ | ၃၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၀ | ၁၄ | ၄၄ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၅ | ၃၅ | ၆၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၈ | ၁၇၄ | ၃၂၂ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၃ | ၂၅ |
| **စုစုပေါင်း** | | **၂၄၂** | **၂၅၀** | **၄၉၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၀၂** | | |

**ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။ ။သာရမဲကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၂) အိမ်ရှိပြီးလူဦးရေပေါင်း (၄၉၂) ဦးရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ် (၁.၂%)၊၅နှစ်အောက်ကလေးအရွယ် (၇.၁%)၊ မူလတန်းကျောင်းသားအရွယ် (၈.၉%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၂.၂%)၊သက်ကြီးရွယ်ကြီးအရွယ် (၅.၁%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏ (၃၅%) နှင့်အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၁၄၈)ဦး၊ မ(၁၇၄)ဦးစုစုပေါင်း(၃၂၂)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏(၆၅%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၈) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက်လျော့နည်းနေပါသည်။ ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်း အမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။ ကျေးရွာတွင်အိမ်ထောင်စုစာရင်းမရရှိသေးသည့်အိမ်ထောင်စုများလည်းရှိပါသည်။**

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၄ | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၄၇ | ၃၆ | ၁၁ | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | - | ၂ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | - | ၁ | မြင့်☐လတ်☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | မြင့်☐လတ်☐နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄ | - | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / | | | | မြင့်☐လတ်☐နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ဝန်ထမ်း | | | | ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၀ | ၆ | ၅ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင် လုပ်အား"ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏**"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။သာရမဲကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လုပ်ကိုင်သည့် အိမ်ထောင်စု(၁)အိမ်ရှိပြီး၊ ဥယျာဉ်ခြံလုပ်ငန်းကိုကိုယ်ပိုင်လုပ်ကိုင်သည့်အိမ်ထောင်စုများပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၂၀)စုရှိပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်အိမ်ထောင်စု (၁၄)စုရှိပါသည်။ ကျေးရွာသည်ဆင်းရဲသည့် ကျေးရွာဖြစ်သည့်အတွက် လုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅,၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆,၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၇၀၀၀ | - | ၅၀၀၀ | - |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | – | – | – | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | – | – | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | – | – | – | – |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် ဥယျာဉ်ခြံလုပ်ငန်းကိုယ်ပိုင်လုပ်ကိုင်သူများသည့်အတွက် နေ့စားပုတ်ပြတ်လုပ်ကိုင်သည့်သူ အနည်းငယ်သာရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းတစ်နေ့တွင် အမျိုးသား(၁၅,၀၀၀မှ၁၀,၀၀၀) ကျပ်၊**

**အမျိုးသမီး(၁၀,၀၀၀မှ၆,၀၀၀)ကျပ်ရရှိပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| **လယ်မြေ** | **၆၇.၅** | ကောင်း ☐သင့်☐ညံ့ ☑ | | |
| **ယာမြေ / တောင်ယာမြေ** | **၁** | ကောင်း ☐ | သင့်☐ | ညံ့ ☑ |
| **ဥယျာဉ်ခြံမြေ** | **၁၀၁** | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ဓနိတောမြေ** | **၁** | ကောင်း ☐ | သင့်☐ | ညံ့ ☑ |
| **စားကျက်မြေ** | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **မြေလွတ်မြေလပ်** | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **စုစုပေါင်း** | **၁၇၀.၅** | ☒ | | |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးမြေအများစုမှာကွမ်းသီးနှင့် ရှာဘာကိုအဓိက စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးသည် အသင့်တင့်သောအခြေအနေတွင်ရှိပါသည်။ ရာသီအလိုက်ပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက် နည်းပညာပေးသင်တန်းများပို့ချပေးခြင်းစသည်တို့ပြုလုပ်ရန်လိုအပ်နေပါသည်။**

**(ဂ-၂)ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခဲတက်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။သာရမဲကျေးရွာတွင်သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများနှင့် ကျောက်၊ သဲ၊ ကျောက်စရစ်၊ ထွက်ရှိခြင်းမရှိသည့်အတွက်အခြားကျေးရွာများမှဝယ်ယူနေရပြီးသဘာဝအပင်မျိုးစိတ်များ၊ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များအနည်းငယ်တွေ့ရှိရပါသည်။**

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | **အလွန်ကောင်း** | **အသင့်အတင့်ကောင်း** | **ညံ့** | **အလွန်ညံ့** |
| ကုန်ထုတ်လုပ်မှုနှင့် | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| ဆိုင်သောပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၅ | ၃၇ | ၅၀ | |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။သာရမဲကျေးရွာတွင်ကျေးရွာအိမ်ထောင်စု၏(၁၄.၇%)သည်အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပြီး၊အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၃၆.၂%) နှင့်မပြေလည်သောအိမ်ထောင်စု (၄၉%) ရှိသဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင်ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့်တစ်ဖက်တစ်လမ်းမှထည့်ဝင်ရာ၌အခက်အခဲရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| | | အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ဖေလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။သာရမဲကျေးရွာတွင်ဝမ်းစာဖူလုံမှုအနေဖြင့်အိမ်ထောင်စု(၁၀)စုကို စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုအရချေးငွေယူသည့်အိမ်ထောင်စုနှင့် လုပ်အားခကြိုယူသည့်အိမ်ထောင်စုများမရှိကျပါ။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။သာရမဲကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုနှင့်မသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိပါ။ အခြားဒေသသို့အချိန်ကြာမြင့်စွာသွားရောက်လုပ်ကိုင်သည့်အိမ်ထောင်စုများလည်းမရှိပါ။**

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

| **စဉ်** | **ထိခိုက်လွယ်မှုအမျိုးအစား** | **ထိခိုက်လွယ်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| ၁ | **စားနပ်ရိက္ခာမဖူလုံမှု** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၂ | **သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)** | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၃ | **ရေကြီးခြင်း** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | **မိုးခေါင်ခြင်း** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | **အအေးလွန်ကဲခြင်း** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | **မုန်တိုင်း** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | **လျှော်** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | **မီးဘေး** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | **ဆားငန်ရေဝင်မြေ** | မြင့် ☐ လတ် ☐နိမ့်☑မရှိ ☐ |
| ၁၀ | **မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု** | မြင့် ☐ လတ် ☐နိမ့်☐မရှိ ☑ |
| ၁၁ | **သစ်တောပြုန်းတီးခြင်း** | မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐ |
| ၁၂ | **ငှက်ဖျားရောဂါ** | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၁၃ | **တီဘီရောဂါ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | **ကိုယ်ခံအားကျဆင်းမှုရောဂါ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | **ပြည်တွင်းပဋိပက္ခ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | **တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု** | မြင့် ☐ လတ် ☐နိမ့်☑မရှိ ☐ |
| ၁၇ | **လူကုန်ကူးခြင်း** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | **ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေ<br>ေးခက်ခဲစသည်** | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။သာရမဲကျေးရွာသည်သဘာဝအရင်းအမြစ်ထွက်ရှိမှုရှားပါးသည့် ကျေးရွာဖြစ်ပါသည်။ စိုက်ပျိုးမြေတိုးချဲ့နိုင်ခြင်းမရှိပါ။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ လျှော်လူပ်ခြင်း၊ စိုက်ပျိုးမြေများတွင်မြေပြိုခြင်းများမရှိပါ။ ဆားငန်ရေအနည်းငယ်ဝင်ရောက်ခြင်းများရှိနေပါသည်။ ကျန်းမာရေးနှင့်သက်ဆိုင်သည့်ဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်နေပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုရှိသည့်အတွက် မွေး/ကုဦးစီးဌာနမှဆရာဝန်များနှင့် ချိတ်ဆက်ရမည့်နည်းပညာနှင့်သင်တန်းများလိုအပ်လျက်ရှိပြီးကျေးရွာတွင်သစ်တောပြုန်းတီးမှုသည်မနိမ့်မမြင့်အခြေအနေဖြစ်နေပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident) တွင်နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။သာရမဲကျေးရွာတွင်မြေယာမဲ့ဆင်းရဲသားတောင်သူများမှာသဘာဝ အရင်းအမြစ်များရှားပါးသည့်အတွက် ကျပန်းအလုပ်များလုပ်ကိုင်နေရပြီးထိခိုက်သက် ရောက်မှုခံရနိုင်သည့် အခြေအနေမျိုးတွင်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေး ရန်လိုအပ်လျက်ရှိပါသည်။**

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က–၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိ/ဖအဖွဲ့ | ၁☐၂☑၃☐ | ၅ | – | ၅ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ | ကောင်း☐ သင့်☑ ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့်ကာကွယ်ရေး☑ | |
| ၂ | ဂေါပကအဖွဲ့ | ၁☐၂☐၃☑ | ၅ | - | ၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၃ | ကာလသား/သမီးအဖွဲ့ | ၁☐၂☑၃☐ | ၂၀ | ၁၀ | ၃၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၄ | မီးသတ်တပ်ဖွဲ့ | ၁☐၂☑၃☐ | ၈ | - | ၈ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၅ | ကျောင်းအကျိုးတော်ဆောင် | ၁☐၂☑၃☐ | ၄ | ၃ | ၇ | ပညာရေး☑ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၆ | အိမ်ထောင်ငယ်အဖွဲ့ | ၁☐၂☑၃☐ | ၂၀ | ၂၅ | ၄၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက် ။သာရမဲကျေးရွာတွင်းရှိအဖွဲ့အစည်းများတွင်အုပ်ချုပ်မှုစီမံကွပ်ကဲမှုအပိုင်း၌အမျိုးသမီးပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင်အဖွဲ့အချင်းချင်းသည်စည်းလုံးစွာဖြင့်ဆောင်ရွက်ကြသေည်လည်း ချိတ်ဆက်လုပ်ဆောင်နိုင်မှုအားနည်းပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်း၍ကျေးရွာဖွံ့ဖြိုးရေးအတွက်ပူးပေါင်းလုပ်ဆောင်ပေးနေပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များမှာကျေးရွာအုပ်စုအတွင်းရှိလုံခြုံရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးနေပါသည်။ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာလည်းကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများပညာသင်ကြားရာတွင်အခက်အခဲမရှိစေရန်အလေးထားဆောင်ရွက်နေပါသည်။ အိမ်ထောင်ငယ်အဖွဲ့၊ ကာလသား/သမီးအဖွဲ့စသည်တို့သည်ကျေးရွာ၏သာရေး၊ နာရေးနှင့် အခြားသောပရဟိတ လုပ်ငန်းများတွင်အတူတကွစုပေါင်းလုပ်ကိုင်နေကြပါသည်။** ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းပါဝင်ကာရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်းအမျိုးအစား**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | – | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐ |

| စဉ် | အမည် | **အဖွဲ့အစည်းအမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | **စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□** |
| ၂ | – | ၁□၂□၃□၄□၅□၆□၇□ | **ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□** |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (ဥပမာ **–ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

